Coronavirus (COVID-19)

# ကာကွယ်ဆေးထိုးထားသော အထောက်အထား။

ဇန္နဝါရီလ ၁၈ ရက်နေ့ ၂၀၂၂ ခုနှစ်

## သင်၏ COVID-19 (ကိုဗစ်) ဒစ်ဂျစ်တယ် လက်မှတ်ကို Territory Check In app (ဒေသ စာရင်းသွင်း အက်ပ်) နှင့် မျှဝေခြင်း။

Express Plus Medicare App ကို အသုံးပြု၍ သင်၏ COVID-19 ဒစ်ဂျစ်တယ် လက်မှတ်ကို Territory Check In app (ဒေသ စာရင်းသွင်း အက်ပ်) တွင် ထည့်ပါ။

## သင်၏ COVID-19 ဒစ်ဂျစ်တယ် လက်မှတ်ကို ချိတ်ဆက်နည်း။

သင်သည် နောက်ဆုံးအကြိမ်ထုတ် Territory Check In app ကို ဒေါင်းလုဒ် လုပ်ထားခြင်းကို သေချာပါစေ။

သင့်တွင် ယင်းအက်ပ် မရှိလျှင်၊ ဤနေရာတွင် ဒေါင်းလုဒ် လုပ်ပါ။

GET IT ON Google Play

Download on the App Store

အောက်ပါအဆင့်များကို လိုက်နာပါ။

1. Express Plus Medicare App ကို ဖွင့်ပြီး သင်၏ myGov PIN ကို အသုံးပြု၍ ဝင်ပါ သို့မဟုတ် သင်၏ စက်ကိရိယာတွင်ရှိသော myGov ကို ဝင်ပါ။
2. Proof of Vaccinations (ကာကွယ်ဆေးများ ထိုးထားကြောင်း အထောက်အထား) ကို ရွေးချယ်ပါ။
3. View History (မှတ်တမ်းကြည့်ခြင်း) ကို ရွေးချယ်ပါ။
4. Share with Check In app ကို ရွေးချယ်ပြီးနောက် Territory Check In app ကို ရွေးချယ်ပါ။
5. သင်၏ လက်မှတ်ကို Territory Check In app နှင့် မျှဝေခြင်းကို လက်ခံရန် consent ကို နှိပ်ပါ။
6. 'you're about to leave the app and launch your browser' ဟု သတိပေးသောအခါ OK ကို ရွေးချယ်ပါ။
7. ဤ COVID-19 (ကိုဗစ်) ဒစ်ဂျစ်တယ် လက်မှတ်ကို သင်၏ ကိုယ်ရေးအကျဉ်းတွင် ထည့်သွင်းလိုသလားဟု မေးသည့်အခါ Accept ကို ရွေးချယ်ပါ။
8. သင်၏ လက်မှတ်ကို Territory Check In app ၏ ရွေးချယ်စာရင်းတွင် ရနိုင်မည်ဖြစ်သည်။
9. သင်ဝင်ရောက်မည့် နေရာတစ်ခုတွင် QR ကုဒ်ကို စကင်န် ဖတ်၍ စာရင်းသွင်းသည့်အခါတွင် စာရင်းသွင်းလိုက်ကြောင်း အတည်ပြုချက်ကို သင်လက်ခံရရှိလိမ့်မည်ဖြစ်ပြီး ကာကွယ်ဆေးထိုးထားခြင်း အခြေအနေ အတန်းကို ပြသပါလိမ့်မည်။

## အခြားသူများ၏ ကာကွယ်ဆေးထိုးထားကြောင်း လက်မှတ်များကို ချိတ်ဆက်ခြင်း။

**သင်သည် အခြားသူများ၏ COVID-19 (ကိုဗစ်) ဒစ်ဂျစ်တယ် လက်မှတ်များကို သင်၏ စက်ကိရိယာတွင် သိမ်းဆည်းထားနိုင်သဖြင့် အချို့နေရာများကို တက်ရောက်သည့်အခါတွင် သင်သည် ၎င်းတို့အားလည်း စာရင်းသွင်းပေးနိုင်ပြီး ၎င်းတို့၏ ကာကွယ်ဆေးထိုးထားကြောင်း အထောက်အထားကိုလည်း ပြသနိုင်သည်။**

၎င်းကို ဧည့်သည်က မိမိ၏လက်မှတ်ကို မျှဝေပေးလိုသူ၏ **စက်ကိရိယာတွင်** အထက်ပါအဆင့်များအတိုင်းပင် လိုက်နာဆောင်ရွက်နိုင်သည်။

သင်၏ဧည့်သည်သည် သင့်**စက်ကိရိယာ၌**ရှိသော myGov သို့မဟုတ် Express Plus Medicare app တွင် ဝင်ပြီး ၎င်း၏ လက်မှတ်ကိုကြည့်ကာ သင့်**စက်ကိရိယာ၌**ရှိသော Territory Check In app နှင့် မျှဝေရန် သဘောတူနိုင်သည်။

မိဘ သို့မဟုတ် အုပ်ထိန်းသူသည် အက်ပ်ထဲသို့ မိမိတို့၏ ကိုယ်ပိုင်လက်မှတ် ထည့်သွင်းရန် လုပ်ခဲ့သော လုပ်ငန်းစဉ်အတိုင်းပင် ကာကွယ်ဆေးထိုးထားသည့် 14 နှစ်အောက်ရှိသူများအတွက် ၎င်းတို့၏ ကိုယ်ပိုင်လက်မှတ်များကို ထည့်သွင်းရန် ကိုယ်စားပြု လုပ်ဆောင်ပေးနိုင်သည်။

## ဆေးဘက်ဆိုင်ရာ ဓာတ်မတည့်မှု။

အတည်ပြုထားသော COVID-19 ကာကွယ်ဆေးများနှင့် မတည့်ပြီး Australian Immunisation Register (ဩစတြေးလျန် ကာကွယ်ဆေးထိုးခြင်းဆိုင်ရာ မှတ်ပုံတင်စာရင်း) တွင် ကင်းလွတ်ခွင့်ရှိကြောင်း မှတ်တမ်းတင်ထားကြသူများ၏ **COVID-19 (ကိုဗစ်) ဒစ်ဂျစ်တယ် လက်မှတ်များတွင် ဤအချက်ကို မှတ်သားဖော်ပြထားမည်ဖြစ်သည်။**

**ဤလူများက မိမိတို့၏ COVID-19 (ကိုဗစ်) ဒစ်ဂျစ်တယ် လက်မှတ်များကို** Territory Check In app နှင့် ချိတ်ဆက်သည့်အခါ ၎င်းတို့ နေရာတစ်ခုသို့ဝင်ရန် စာရင်းသွင်းစဉ် ၎င်းတို့၏ အမည်နံဘေးတွင် ကာကွယ်ဆေးကို အပြည့်အဝထိုးထားသူတစ်ဦးအတွက်ကဲ့သို့ပင် ၎င်းတို့အတွက်လည်း ကာကွယ်ဆေးထိုးပြီးကြောင်း အမှတ်အသားကိုပြလိမ့်မည်ဖြစ်သည်။



# သင်၏ COVID-19 ကိုဗစ် ဒစ်ဂျစ်တယ် လက်မှတ်ကို ရယူအသုံးပြုခြင်း။

သင်၏ COVID-19 ကိုဗစ် ဒစ်ဂျစ်တယ် လက်မှတ်ကို ဒေါင်းလုဒ်လုပ်ပြီး သင့်ဖုန်း၏ ဒစ်ဂျစ်တယ်အိတ်တွင် သိမ်းဆည်းရန် အောက်ပါအဆင့်များကို လိုက်နာပါ။

1. သင်၏ Medicare နှင့် myGov စာရင်းများကို ချိတ်ဆက်ထားပြီးသားမဟုတ်ပါက my.gov.au သို့ ဝင်ပါ။
2. ပင်မစာမျက်နှာမှ သင်၏ ပထမဆုံးဝန်ဆောင်မှု အဆက်ကို ရွေးချယ်ခြင်းအားဖြင့် သို့မဟုတ် Services (ဝန်ဆောင်မှုများ) စာရင်းမှ Medicare ကိုရွေးချယ်ခြင်းအားဖြင့် Medicare ကို သင်၏ myGov စာရင်းဖြင့် ချိတ်ဆက်ပါ။
3. သင်၏ Medicare နှင့် myGov စာရင်းတို့ကို ချိတ်ဆက်ပြီးသည်နှင့် တပြိုင်နက် သင့်ဖုန်းတွင် Express Plus Medicare အက်ပ်ကို App Store သို့မဟုတ် Google Play မှ ဒေါင်းလုဒ်လုပ်ပါ။
4. Express Plus Medicare App ကို ဖွင့်ပြီး ဝင်ပါ။
5. အက်ပ်၏ ပင်မစာမျက်နှာမှ သို့မဟုတ် History and statements (မှတ်တမ်းနှင့် ထုတ်ပြန်ချက်များ) ကဏ္ဍမှ Proof of vaccinations (ကာကွယ်ဆေးများ ထိုးထားသည့် အထောက်အထား)ကို ရွေးချယ်ပါ။ View History (မှတ်တမ်းကြည့်ခြင်း) ကို ရွေးချယ်ပြီးနောက် View COVID-19 digital certificate (COVID-19 ဒစ်ဂျစ်တယ် လက်မှတ်ကို ကြည့်ခြင်း) သို့မဟုတ် View immunisation history statement (ကာကွယ်ဆေးထိုး မှတ်တမ်း ထုတ်ပြန်ချက်ကို ကြည့်ခြင်း) ကို ရွေးချယ်ပါ။
6. သင်၏ Apple Wallet သို့မဟုတ် Google Pay တွင် သင်၏ COVID-19 ကိုဗစ် ဒစ်ဂျစ်တယ် လက်မှတ်ကို သိမ်းဆည်းပါ။